# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 21 , 2023 | Volume 69, Number 14


၂၁.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၇.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၇၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တရုတ်မီဒီယာများနှင့်တွေ့ဆုံ



(၇) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့သို့ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့၊ နံနက်ပိုင်းတွင် Green Lake Hotel ၌ China Media Group နှင့် Phoenix ရုပ်သံဌာနတို့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးသည် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

Source: https://www.commerce.gov.mm/my/article

## (၇) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန်ကုန်စည်ပြပွဲနောက်ဆုံးနေ့ မြန်မာပြခန်းများ ဆက်လက်ပါဝင်ပြသပြီး စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုး

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center တွင် ကျင်းပပြုလုပ်နေသည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန်


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com



ကုန်စည်ပြပွဲ၏ နောက်ဆုံးနေ့ဖြစ်သည့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံပြခန်းများ ဆက်လက်ပါဝင်ပြသရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ မြန်မာပြခန်းသို့ လာရောက်ကြသူများအား မြန်မာ့ ထုတ်ကုန်များဖြစ်သည့် ကော်ဖီ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ ဇီးဖျော်ရည်နှင့်စားသောက်ကုန်များကို မိတ်ဆက်ကျွေးမွေး၍ ဈေးကွက်ရရှိရေးဆောင်ရွက်ခဲ့ပါသည်။ ပြခန်းဆောင်အတွင်း ပြသထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့်မြန်မာ့ခရီးသွားနေရာများကိုလည်း ပြခန်းသို့လာရောက်သူများ က စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပါသည်။ ထို့အပြင် ကုန်စည်ပြပွဲတွင် ပါဝင်ပြသနေသော မြန်မာကုမ္ပဏီ/အသင်းအဖွဲ့များဖြစ်သည့် ကိုးကန့် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ AJ Myanmar၊ Good Brother Group Co. ,Ltd၊ Global Earth Agro and Aqua International Co.,Ltd တို့သည် ဂုဏ်ထူးဆောင်နိုင်ငံပြခန်းဆောင်တွင် တရုတ်နိုင်ငံ ကူမင်းမြို့၊ ချုံချင့်မြို့နှင့်ကွမ်ရှီးပြည်နယ်၊ သုံးရှင်းမြို့ အခြေစိုက်ကုမ္ပဏီ ၄ ခုတို့နှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးရေး၊ လယ်ယာထွက်ကုန်၊ ရေထွက်ပစ္စည်းများနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article

## (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ စတုတ္ထနေ့တွင် မြန်မာနိုင်ငံမှ ဆက်လက်ပါဝင်ပြသ




တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center တွင် ကျင်းပပြုလုပ်နေသည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ၏ စတုတ္ထနေ့ဖြစ်သည့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံပြခန်းဆောင်၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက မြန်မာနိုင်ငံ၏သမိုင်းကြောင်း၊ လှပသောသဘာဝရှုခင်းများနှင့် မြန်မာ့ထွက်ကုန်ပစ္စည်းများအကြောင်းကို မိတ်ဆက်စကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ရာတွင် ပရိတ်သတ်များက စိတ်ဝင်တစားစည်ကားစွာ ကြည့်ရှုခဲ့ကြပါသည်။ ပြခန်းဆောင်အတွင်း ပြသထားသည့် မြန်မာ့ခရီးသွားနေရာများကိုလည်း ပြခန်းသို့လာရောက်သူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပါသည်။ ထို့အပြင် ကုန်စည်ပြပွဲ စတုတ္ထနေ့တွင်လည်း မြန်မာပြခန်းများ၌ ရောင်းချလျက်ရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ကြိုက်နှစ်သက်ကြ၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက တရုတ်လုပ်ငန်းရှင်များ၏ သိရှိလို၍မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။ မြန်မာနှင့်တရုတ်လုပ်ငန်းရှင်များအကြား ကုန်ပစ္စည်းများ တင်ပို့တင်သွင်းရေးနှင့်ပတ်သက်၍လည်း ဆွေးနွေးနိုင်ခဲ့ကြပါသည်။ ကုန်စည်ပြပွဲတွင် ပါဝင်ပြသနေသည့် မြန်မာလုပ်ငန်းရှင်များသည် ကူမင်းမြို့ရှိ China South Asia Southeast Asia Cross Border e-commerce Industry Center သို့လည်း သွားရောက်လေ့လာခဲ့ကြပါသည်။ အဆိုပါ Center သည် တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံများမှ ကုန်စည်များကို Live Sale ရောင်းချ ပေးနေသောနေရာဖြစ်ပြီး မြန်မာလုပ်ငန်းရှင်များက မိမိတို့၏ထုတ်ကုန်ပစ္စည်းနမူနာများကို ပါဝင်ပြသခဲ့ကြသည်။ Center တွင် မြန်မာနိုင်ငံမှထွက်ရှိသော ကုန်ပစ္စည်းများကို Live Sale ရောင်းချနိုင်သည့် Broadcast Room တစ်ခုကိုလည်း ဖွင့်လှစ်ထားသည်ကို လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article

## အိန္ဒိယနိုင်ငံသို့တင်ပို့ရာ၌ မှတ်ပုံတင်လျှောက်ထားရန် လိုအပ်သော အသင့်ထုပ်ပိုးထားသော အစားအသောက် အမျိုးအစား (၅)မျိုးစာရင်း

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အိန္ဒိယနိုင်ငံသို့ တင်ပို့ရာ၌ မှတ်ပုံတင်လျှောက်ထားရန်လိုအပ်သော အသင့်ထုပ်ပိုးထားသောအစားအသောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသော ကြေညာချက်အမှတ် (၅ / ၂၀၂၃)ကို မျှဝေအပ်ပါသည်။

အိန္ဒိယနိုင်ငံ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းများ အာဏာပိုင်အဖွဲ့ (Food Safety and Standards Authority of India) မှ စာအမှတ် (F.No.TIC-B02/2/2022- IMPORT-FSSAI) ဖြင့် (၁၀-၁၀-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်သောအမိန့်စာအရ အိန္ဒိယနိုင်ငံသို့တင်ပို့မည့် အောက်ဖော်ပြပါ အသင့်ထုပ်ပိုးထားသော အစားအသောက်အမယ်များ အတွက် သက်ဆိုင်ရာနိုင်ငံ၏ အခွင့်အာဏာရအဖွဲ့မှ ထောက်ခံချက်ပေးမှသာ တင်ပို့ခွင့်ရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အဆိုပါ အစားအသောက်အမယ်များကို အိန္ဒိယနိုင်ငံသို့တင်ပို့သော လုပ်ငန်းများအနေဖြင့် နေပြည်တော် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်၊ တင်ပို့မည့်ကုန်စည်အမှတ်အသားအမည် (Brand Name)၊ အစားအသောက် အမျိုးအမည် (Name of Food) နှင့် H.S လိုင်းနံပါတ် (HS Code of Product) တို့နှင့်တကွ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အိန္ဒိယနိုင်ငံသို့တင်ပို့ရာ၌ မှတ်ပုံတင်လျှောက်ထားရန်လိုအပ်သော အသင့်ထုပ်ပိုးထားသော အစားအသောက် အမယ်များ စာရင်း -

(၁) နို့နှင့် နို့ထွက်ပစ္စည်းများ (Milk and Milk Products)

(၂) အသားနှင့် အသားထွက်ကုန်များ (ကြက်/ ငှက်အသား၊ ငါးနှင့် ၎င်းတို့၏ ထွက်ကုန်များ)
(Meat and Meat Products including Poultry, Fish and their products)

(၃) ဥအခြေခံအမှုန့်များ (Egg Powder)


(၄) နို့စို့ကလေးနှင့် ကလေးငယ်များအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက် (Infatnt Food)

(၅) အာဟာရအထောက်အကူပြု အစားအသောက်များ (Nutraceuticals)

**Source: အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6705-india-food.html

## အိန္ဒိယ ကြက်သွန်နီပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်း စတင်စည်းကြပ်



အိန္ဒိယသည် ယခုမှစ၍ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကြက်သွန်နီအပေါ် တင်ပို့ခွန် ၄၀ ရာခိုင်နှုန်းကို စည်းကြပ်မည်ဖြစ်သည်။ ပို့ကုန်ခွန် ၄၀% သတ်မှတ်လိုက်သည့်အတွက် ပို့ကုန်ကြက်သွန်နီဈေးနှုန်း မြင့်တက်သွားစေပြီး ဝယ်လက်ရဖို့ ခက်ခဲသွားစေသဖြင့် ပြည်ပတင်ပို့မှု လျော့ကျသွားစေရန် ရည်ရွယ်ပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ (ဩဂုတ် ၁၉) တွင် ထုတ်ပြန်သော ကြေညာချက်တွင် ပြည်တွင်းဖူလုံရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပါသည်ဟု ဖော်ပြထားသည်။

အိန္ဒိယသည် ကြက်သွန်နီ ကမ္ဘာ့အများဆုံးတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ကြက်သွန်နီ မက်ထရစ်တန် ၁ ဒသမ ၄၆ သန်း တင်ပို့ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ မလေးရှား၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် သီရိလင်္ကာကဲ့သို့သောနိုင်ငံများသည် အိန္ဒိယကြက်သွန်နီ တင်ပို့မှုအပေါ် တည်မှီထားကြသည်။ "ပို့ကုန်ခွန် ကြောင့် အိန္ဒိယကြက်သွန်နီက ပါကစ္စတန်၊ တရုတ်နဲ့ အီဂျစ်တို့ထက် ဈေးပိုပေးရလိမ့်မယ်။ ဒီတော့ ပြည်ပဝယ်လက်တွေ အိန္ဒိယ ကြက်သွန်နီ ဝယ်ယူတာနည်းသွားပြီး တင်ပို့မှုလျော့ကျသွားမယ်။ ပြည်တွင်းဈေးကွက်မှာ ကြက်သွန်နီ လက်ကျန်ပိုများသွားပြီး ဈေးမတက်တော့ဘူး"ဟု မွမ်ဘိုင်းမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင် Ajit Shah က ပြောသည်။

အဓိကဈေးကွက်များတွင် ကြက်သွန်နီပျမ်းမျှလက်ကားဈေးသည် ဇူလိုင်လမှ ဩဂုတ်လအထိကာလအတွင်း ၂၀ ရာခိုင်နှုန်း နီးပါး ခုန်တက်သွားခဲ့သည်။ ယခုအခါ ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၂,၄၀၀ ($28.87) ပေါက်ဈေး ဖြစ်ပေါ်နေသည်။ ရာသီဥတု မမှန်သဖြင့် ကြက်သွန်နီအသစ်ပေါ်ချိန်တွင် အထွက်လျော့ကျမည်ဟု ခန့်မှန်းထားပါသည်။

အိန္ဒိယနိုင်ငံသည် အယ်လ်နီညိုရာသီဥတုပုံစံကြောင့် ရာစုနှစ်တစ်ခုကျော်အတွင်း အခြောက်သွေ့ဆုံး ဩဂုတ်လကို ကြုံတွေ့နေရသည်။ "နွေရာသီမှာရိတ်သိမ်းတဲ့ ကြက်သွန်နီတွေက မြန်မြန်ပုပ်ကုန်ပြီ။ အသစ်ပေါ်ချိန်က နှောင့်နှေးနေတယ်။ ဒီအခြေအနေဟာ အစိုးရအနေနဲ့ ကြက်သွန်နီတွေဖူလုံစေဖို့ ကြိုတင်ကာကွယ်မှုတွေလုပ်လိုက်တယ်"ဟု မွမ်ဘိုင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားသည်။

Source: reuters

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6713-india-oninion.html

## တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန် လမ်းညွှန်ချက်အသစ်များကို ထုတ်ပြန်ခဲ့

တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအရင်းအနှီးများကို ပိုမိုဆွဲဆောင်ရန်နှင့် နိုင်ငံတကာလုပ်ငန်းကြီးများအတွက် စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေရန် လမ်းညွှန်ချက်အသစ် (၂၄) ခုကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတော်ကောင်စီမှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် မူဝါဒစာတမ်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့် လမ်းညွှန်ချက်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများလုပ်ဆောင်ရန် တွန်းအားပေးခြင်း၊ နိုင်ငံခြားနှင့်ပြည်တွင်းကုမ္ပဏီများကို တန်းတူဆက်ဆံခြင်းနှင့် နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက် စီးဆင်းမှုအတွက် လွယ်ကူအဆင်ပြေပြီး လုံခြုံမှုရှိသော စီမံခန့်ခွဲမှုယန္တရားများကိုဖော်ဆောင်ခြင်း စသည့်အကြောင်းအရာများ ပါဝင်ကြောင်း သိရှိရပါသည်။

ထို့အပြင် နိုင်ငံခြားကုမ္ပဏီများ၏ ရပိုင်ခွင့်နှင့် အကျိုးစီးပွားများကို တိုးမြှင့်ကာကွယ်ခြင်းနှင့် ၎င်းတို့အား ခိုင်မာသော ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုနှင့် အခွန်မက်လုံးများပေးခြင်းတို့ ပါဝင်ကြောင်းလည်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဈေးကွက်ကို ဦးတည်သော၊ ဥပဒေအခြေခံသည့် ထိပ်တန်းနိုင်ငံတကာ စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးရန်၊ ၎င်း၏ အလွန်ကြီးမားသောဈေးကွက်ရှိခြင်း အားသာချက်ကို အပြည့်အဝအသုံးချရန်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုထိရောက်စွာဆွဲဆောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစာတမ်းတွင် ဖော်ပြထား သည်ဟု သိရှိရပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို တရုတ်နိုင်ငံတွင် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးစင်တာများ တည်ထောင်ရန်နှင့် သိပ္ပံဆိုင်ရာ သုတေသနစီမံကိန်းများကို အဓိကလုပ်ဆောင်ရန် တိုက်တွန်းထားကြောင်း အဆိုပါစာတမ်း၌ ဖော်ပြထားပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သည့် ဇီဝဆေးပညာနယ်ပယ်ရှိ စီမံကိန်းများကို အရှိန်အဟုန်မြှင့်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် အစိုးရဝယ်ယူရေးလုပ်ငန်းများတွင် ဥပဒေနှင့်အညီ အပြည့်အဝပါဝင်နိုင်စေရေး နိုင်ငံတော်ကောင်စီမှ ကတိကဝတ်ပြုကြောင်း အလေးပေးပြောကြားခဲ့ပြီး "တရုတ်ပြည်တွင်ထုတ်လုပ်သည်" ဆိုသည့် ပစ္စည်းများအတွက် သီးခြားစံနှုန်းများကို ပိုမိုရှင်းလင်းလွယ်ကူစေရန်နှင့် အစိုးရဝယ်ယူရေးဥပဒေအား ပြန်လည်ပြင်ဆင်မှုကို အရှိန်မြှင့်တင်ရန်အတွက် အစိုးရသည် သက်ဆိုင်ရာမူဝါဒများနှင့် အစီအမံများကို တတ်နိုင်သမျှ အမြန်ဆုံး မိတ်ဆက် ပေးမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုနှေးကွေးပြီး နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနေသည့် အခြေအနေတွင် အဆိုပါမူဝါဒများအားလုံးသည် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ၏ မျှော်မှန်းချက်များကို ပြည့်မီစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် တရုတ်ဈေးကွက်တွင် ဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုလွယ်ကူစေမည်ဟု ပေကျင်းမြို့ရှိ တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ၏ ကမ္ဘာ့စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံမှ တွဲဖက်သုတေသီ Pan Yuanyuan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် "ကမ္ဘာ့စက်ရုံ" အဖြစ်မှ ပြည်တွင်းစားသုံးမှု တိုးလာခြင်းနှင့်အတူ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သူအဖြစ်သို့ ကူးပြောင်းနေပြီဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်မှုနှင့် ကြီးမားသည့် စားသုံးသူဈေးကွက်တို့ရှိခြင်းတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ထားနိုင်ဆဲဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် စက်မှုထုတ်ကုန်ပေါင်း (၂၂၀) ကျော်ရှိပြီး ထုတ်လုပ်မှုပိုင်း၌ ကမ္ဘာပေါ်တွင် ပထမအဆင့်ဖြင့် ရပ်တည်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံတွင် ယုံကြည်စိတ်ချရပြီး ကုန်ကျစရိတ်သက်သာသည့် ကုန်ပစ္စည်းထုတ်လုပ်သူများကို ရှာဖွေရန်မှာ ကမ္ဘာ့အခြားဒေသများထက် ပိုမိုလွယ်ကူကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံသည် အသစ်တည်ထောင်ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း (၂၄,၀၀၀) ရှိပြီး ယခင်နှစ်ထက် (၃၅.၇) ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

**Source:** www.chinadaily.com.cn/a/202308/14/WS64d95ab6a31035260b81bdb0.html

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_180820230300

## ပြည်ပနိုင်ငံသို့ မြန်မာဆန်တင်ပို့မှု မြင့်တက်လာနိုင်ဟုဆို

အိန္ဒိယနိုင်ငံမှာ ဆန်ဈေးမြင့်တက်မှုကို ထိန်းချုပ်နိုင်ရန် ပြည်ပတင်ပို့မှု ပိတ်ပင်လိုက်ပြီးနောက် ကမ္ဘာ့ဆန်တင်ပို့မှု ဈေးကွက်အတွင်း ဈေးကွက်ဝေစုပိုမိုရရှိလာနိုင်ကြောင်း ဆန်ပို့ကုန်သမားများက သုံးသပ်ထားသည်။

"ကျွန်တော်တို့အခွင့်ကောင်းရယူဖို့ မျှော်လင့်ထားပါတယ်။ အရည်အသွေးကောင်းတဲ့ တန်းမြင့်ဆန်တွေကိုပဲ တင်ပို့ဖို့ပြင်ဆင် ထားပါတယ်" ဟု ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်အောင်ကပြောသည်။

ကမ္ဘာ့ဈေးကွက်ထဲတွင် ထိုင်းနှင့်ဗီယက်နမ်ဆန်ဈေးတွေ မြင့်တက်နေတာကြောင့် ဝယ်လက်တွေအနေဖြင့် ဈေးသက်သာသည့် အခြားဆန်တင်ပို့ရောင်းချနေသူတွေထံက ဝယ်ယူဖို့ရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း ရောင်းချနိုင်ရန် ရည်မှန်းထားပြီး ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန်မျှော်လင့်ထားကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ မြန်မာဆန်တင်ပို့မှုမှာ လေးလပတ်ကာလအတွင်း ၅၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သော်လည်း အိန္ဒိယနှင့် ပြည်ပနိုင်ငံများသို့ မြန်မာဆန်တင်ပို့မှုက ပြန်လည်မြင့်တက်လာနိုင်ကြောင်း ဆန်ကုန်သည်များက သုံးသပ်ထားသည်။

လက်ရှိမှာ တန်းမြင့်ဆန်တွေကို ဦးစားပေးရောင်းချရန် စီစဉ်ထားသော်လည်း ဧပြီလမှဇွန်လအထိ တန်ချိန် ၃၂၀၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၈ သန်းသာ ရရှိထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရရှိထားခဲ့ပြီး တရုတ်၊ ဖိလစ်ပိုင်နှင့်ဘယ်လ်ဂျီယံနိုင်ငံတွေက အများဆုံးဝယ်ယူခဲ့ကြောင်း သိရသည်။

**Source:** မကွေးဂျာနယ်

## မြန်မာ့လက်ဖက်များကို တန်ဖိုးမြှင့်ထုတ်ကုန် လက်ဖက်ဝိုင်အဖြစ် ထုတ်လုပ်ဖို့တိုက်တွန်း




မြန်မာနိုင်ငံထွက် လက်ဖက်များကို တန်ဖိုးမြှင့်ထုတ်ကုန် လက်ဖက်ဝိုင်အဖြစ် ထုတ်လုပ်နိုင်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာနိုင်ငံလက်ဖက်အသင်းကို တိုက်တွန်းထားပါတယ်။

အဆိုပါ ဝန်ကြီးဌာနမှဦးဆောင်ကာ လက်ဖက်စိုက်ပျိုးရေးနှင့် အနာဂတ်အလားအလာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၁၆ ရက်နေ့က ပြုလုပ်ခဲ့ပြီး ယင်းဆွေးနွေးပွဲမှာ လက်ဖက်များကို လက်ဖက်အစို၊ လက်ဖက်အခါးခြောက်၊ လက်ဖက်အချိုခြောက်၊ လက်ဖက်အချဉ်ခြောက်၊ လက်ဖက်ဝိုင်စသော တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆန်းသစ်တီထွင်သော နည်းလမ်းများဖြင့် ထုတ်လုပ်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုက်တွန်း ပြောဆိုထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ လက်ဖက်စတင်ပေါက်ရောက်ရာ မူရင်းဒေသများအနက် တစ်ခုဖြစ်သလို မိရိုးဖလာစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုး၍ မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိနေတယ်လို့ သိရပါတယ်။

၁၉၉၁- ၁၉၉၂ ခုနှစ်မှစ၍ လက်ဖက်တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးကို အမျိုးသားစီမံကိန်းအစီအစဉ်နဲ့ ကာလတို (၅)နှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ လက်ဖက်စိုက်ကေပေါင်း (၂ ဒသမ ၃၉) သိန်း စိုက်ပျိုးခဲ့တယ်လို့ သိရပါတယ်။

ယင်းနောက် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် စိုက်ဧက ၂ ဒသမ ၄ သိန်းအထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်းသည် စီမံကိန်းမစတင်မီက ပိဿာပေါင်း ၂၃၀ ခန့်ထွက်ရှိရာမှ စီမံကိန်းကာလနောက်ပိုင်းတွင် ၂၇၅ ပိဿာ ခန့်ထွက်ရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို အထွက်နှုန်းတိုးလာခဲ့ပေမယ့် နိုင်ငံတကာအထွက်နှုန်းနှင့်နှိုင်းယှဉ်ပါက နည်းပါးမှုရှိနေသေးတယ်လို့ သိရပါတယ်။ ၂၀၂၀-၂၀၂၁ ခုနှစ် စာရင်းများအရ စုစုပေါင်း လက်ဖက်အထွက်နှုန်း ပိဿာပေါင်း ၆၉ သန်းခန့်ရှိခဲ့ပြီး၊ ၂၀၂၁ ခုနှစ်မှာ မြန်မာ့လက်ဖက်ကို ပြည်ပသို့တင်ပို့ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ(၂ ဒသမ ၅)သန်းခန့် ရရှိခဲ့တယ်လို့လည်း သိရပါတယ်။

**MFN မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ဩဂုတ်လ ၁၄ မှ ၁၈ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**ဆန်**

ပြည်တွင်းဆန်ဈေးကတော့ အရင်လကစပြီး ဆက်တိုက်မြင့်တက်လာတာဖြစ်ပါတယ်။ ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှာ ဖျာပုံပေါ်ဆန်းမွေးနှင့် ဒေးဒရဲပေါ်ဆန်းမွေးက ၁၀၅၀၀၀ ကနေ ၁၁၀၀၀၀ အထိရှိလာပြီး မြောင်းမြ/ပုသိမ်ပေါ်ဆန်းမွေးက ၁၀၅၀၀၀ ကနေ ၁၁၀၀၀၀ ကျပ်၊ ပေါ်ဆန်းနယ်စုံက တစ်အိတ်ကို ၁၀၀၀၀၀ ကနေ ၁၀၅၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းက ၁၃၀၀၀၀ ကနေ ၁၄၀၀၀၀ ကျပ်ဖြစ်ပါတယ်။ ခုဆန်အားလုံး ၅၀၀၀ ကနေ ၁၀၀၀၀ ကျပ်အထိ အရင်ပတ်ကထက်မြင့်တက်လာပါတယ်။

ဆန်ကြမ်း ဧည့်မထဆန်နဲ့ငစိန်က ၆၇၀၀၀ ကနေ ၆၉၀၀၀ ကျပ် ဧည့်မထ ၂၅ မှတ်တန်က ၆၅၀၀၀ ကနေ ၆၇၀၀၀ ကျပ်၊ ကျားပျံရှယ်က ၁၁၀၀၀၀ ကနေ ၁၁၅၀၀၀ ကျပ်ဖြစ်လာပြီး စလင်းထွက် ရေပဒေသာဆန်က တစ်အိတ်ကို ၁၅၈၀၀၀ ကျပ်အထိ ဈေးမြင့်တက်လာပါတယ်။

ဒါကြောင့် ဧရာပဒေသာဆန်က အရင်တစ်ပတ်ကထက် ၁၅၈၀၀ လောက် ထပ်မံမြင့်တက်လာပြီး ကျန်တဲ့ဆန်တွေကလည်း တစ်အိတ်ကို ၃၀၀၀ ကနေ ၅၀၀၀ ကျပ် ထပ်မံမြင့်တက်လာတာ ဖြစ်ပါတယ်။

**မတ်ပဲ**

အရင်တစ်ပတ်က ဈေးပြန်ကျခဲ့တဲ့ မတ်ပဲက ခုတစ်ပတ်မှာ ဈေးအမြင့်တန်းတစ်ခုအဖြစ် ပြန်တက်လာတာတွေ့ရပါတယ်။ မတ်ပဲက လက်ကျန်နည်းတာ၊ မတ်ပဲအသစ်မပေါ်သေးလို့ ဈေးကွက်ထဲအဝင်နည်းပေမယ့် ပြည်ပအဝယ်လိုက်နေတာကြောင့် ဈေးတက်လာတာဖြစ်တယ်လို့ ကုန်သည်တွေဆီက သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ(FAQ/RC)က တစ်တန်ကို ၂၄၈၅၀၀၀ ပြန်ဖြစ်လာပြီး အရင်ပတ်နဲ့ယှဉ်ရင် ၁၂၅၀၀၀ လောက် ပြန်တက်လာတာဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာလည်း မတ်ပဲပိဿာ ၆၀ တစ်အိတ်ကို ၂၃၅၀၀၀ ကနေ ၂၄၀၀၀၀ ဖြစ်လာပြီး ၅၀၀၀ ကျပ် တက်လာပါတယ်။

နယ်တွေမှာလည်း မတ်ပဲပိဿာ ၂၀ တစ်တင်းကို ၇၉၈၀၀ ကျပ်အထိ မြင့်တက်လာလို့ အရင်ပတ်နဲ့ယှဉ်ရင် ၃၅၀၀ လောက် မြင့်တက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီက အရင်တပတ်မှာ ဈေးကျခဲ့ပေမယ့် ခုတပတ်မှာတော့ အမြင့်ဈေးတန်းအဖြစ် အတက်ကြမ်းတာ တွေ့ရပါတယ်။ လက်ရှိ နိုင်ငံခြားငွေဈေး မတည်ငြိမ်မှုတွေကြောင့် ပဲစင်းငုံနီက ဈေးတက်လာသလို ပဲအသစ် ဈေးကွက်ထဲအဝင်နည်းတာ၊ ပဲအဟောင်း လက်ကျန်နည်းနေတာ၊ ပြည်ပဝယ်လိုအားများတာကြောင့် ဈေးပြန်တက်လာတာဖြစ်တယ်လို့ ကုန်စည်ဒိုင်တွေက သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီ တစ်တန်ကို အရင်ပတ်က တစ်တန်ကို ၃၁၁၅၀၀၀ ကျပ်ရှိခဲ့ပြီး၊ ခုတစ်ပတ်မှာ ၃၆၅၀၀၀၀ ကျပ်အထိဖြစ်လာလို့ တစ်တန်ကို ၅၃၅၀၀၀ ကျပ်အထိ မြင့်တက်လာတာဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲစင်းငုံနီက ဈေးတက်လာလို့ တစ်အိတ်ကို ၃၄၀၀၀၀ ကျပ်အထိရှိပြီး အရင်ပတ်ကထက် ၄၀၀၀၀ မြင့်တက်လာပါတယ်။

ပခုက္ကူကုန်စည်ဒိုင်မှာလည်း ပဲစင်းငုံနီ ဈေးတက်လာလို့ ပိဿာ ၂၀ တစ်တင်းကို ၁၁၂၀၀၀ ကျပ်နဲ့ ၁၂၀၀၀ ပြန်တက်လာပါတယ်။

**ပြောင်းဆန်**

အစေ့ထုတ်ပြောင်းကတော့ ထိုင်းဘတ်ဈေးမြင့်တက်မှုနဲ့အတူ ထိုင်းဘက်မှာဈေးမြင့်လာသလို ရန်ကုန်ဈေးကွက်နဲ့ မန္တလေး ဈေးကွက်မှာပါ ဈေးတက်လာတယ်လို့ ပြောင်းလုပ်ငန်းရှင်တွေဆီက သိရပါတယ်။

အစာစပ်စက်ရုံတွေက ဈေးတန်းကိုထိန်းပြီး ဝယ်ယူနေတယ်လို့သိရပါတယ်။ လက်ရှိမှာ ထိုင်းကိုပြောင်း တင်ပို့နိုင်ခြင်း မရှိဘဲ ပြည်တွင်းမှာပဲ ရောင်းချနေရတယ်လို့သိရပါတယ်။

ပြောင်းတစ်ကီလိုကို ထိုင်းစက်ရုံချဈေး ၁၁.၇၅ ဘတ်အထိ ပြန်တက်လာပြီး မြဝတီစာရွက်အပါဈေး ၁၀.၉၅ ကျပ်၊ ပြည်တွင်းအစာစပ်ရုံတွေဖြစ်တဲ့ ရန်ကုန်အစာစပ်စက်ရုံက ၇၄၅ ကျပ်၊ အေးသာယာနဲ့ မန္တလေးအစာစပ်စက်ရုံက ၇၀၀ ကျပ် ဖြစ်တယ်လို့သိရပါတယ်။

**နှမ်း**

ဈေးဆက်တိုက်မြင့်တက်လာတဲ့ နှမ်းဈေးကွက်က ခုတစ်ပတ်မှာ နှမ်းဖြူရိုးရိုးနဲ့နှမ်းညိုက ဈေးတန်းကျသွားပြီး နှမ်းနက် စမုံနဲ့ နှမ်းဖြူဂျပန်က ဈေးထပ်တက်သွားပါတယ်။

နှမ်းအသစ်တွေ ဈေးကွက်ထဲဝင်ရောက်နေပြီး အဝယ်သွက်နေတဲ့အပြင် နှမ်းဖြူဂျပန်ကို တရုတ်နဲ့ဂျပန်က အဝယ်လိုက်နေလို့ ဈေးကအတက်ဘက်ဦးတည်နေတယ်လို့ မန္တလေးဈေးကွက်က သိရပါတယ်။

မန္တလေးဈေးကွက်မှာ နှမ်းဖြူရိုးရိုးက ၄၅ ပိဿာ ၃ တင်းအိတ်ကို အနိမ့်ဆုံး ၃၀၅၀၀၀ ကျပ်ကနေ ၃၁၀၀၀၀ ကျပ် ဈေးထိ ကျသွားလို့ အရင်ပတ်နဲ့ယှဉ်ရင် ၉၀၀၀၀ ကျပ် ကျဆင်း၊ နှမ်းညိုကလည်း ၃၀၅၀၀၀ ကျပ်ကနေ ၃၀၈၀၀၀ ကျပ်ဈေးပေါက်ပြီး

အရင်ပတ်ကထက် ၇၀၀၀ ကျပ် ဈေးကျ၊ နှမ်းနက် စမုံကတော့ ၃၁၀၀၀၀ ကနေ ၃၉၀၀၀၀ ဈေးပေါက်လို့ အရင်ပတ်ကထက် ၁၀၀၀၀ ကျပ် တက်လာပြီး နှမ်းဖြူ ဂျပန်ကလည်း ၄၂၀၀၀၀ ကနေ ၄၂၅၀၀၀ ကျပ် ဈေးရှိလို့ အရင်ပတ်ကထက် ၅၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**သကြား**

သကြားဈေးတွေလည်း ဆက်တိုက် မြင့်တက်လာပါတယ်။ ကမ္ဘာ့သကြားပေါက်ဈေး မြင့်တက်လာမှုနဲ့အတူ ပြည်တွင်းငွေကြေးဖောင်းပွမှုတို့ကြောင့် ဆက်တိုက်ဈေးမြင့်တက်နေတာဖြစ်ပါတယ်။ ထို့ပြင် သကြားစက်ရုံမှ ကြံဝယ်ယူမှုနဲ့ပတ်သတ်ပြီး ဈေးတိုးမြင့်ဝယ်ယူမှုတွေကြောင့်လည်း သကြားဈေးက မြင့်တက်လာတာ ဖြစ်တယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ သကြားက တစ်ပိဿာကို ၃၄၆၀ မှ ၃၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၂၀ ကျပ်ဈေး မြင့်တက်လာပါတယ်။

**Source:** AMIA

https://t.me/htwettoe

## STOCK EXCHANGE (21.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,564 (Shares) | 81,080,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +200 | +2.22% | 9,100 | 9,200 | 9,100 | 994 | 9,074,700 | 33,109,694 | 304,609 |
| MTSH | 00002 | 3,250 | +100 | +3.17% | 3,200 | 3,250 | 3,200 | 5,936 | 18,995,300 | 38,929,150 | 126,520 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 5 | 40,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 552 | 910,800 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | +50 | +2.13% | 2,400 | 2,400 | 2,400 | 100 | 240,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,300 | 2,395 | 5,522,750 | 19,977,223 | 46,947 |
| AMATA | 00007 | 4,900 | +0 | +0.00% | 5,000 | 5,000 | 4,900 | 4 | 19,700 | 10,497,598 | 51,438 |
| MAEX | 00008 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 7,578 | 14,777,100 | 23,804,946 | 46,420 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Aug. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.72 | +5.91 | +1.53% | 388.60 | 391.72 | 388.60 | 17,564 | 49,580,350 | 8 | 738,865 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Aug, 2023

| Trading Volume | Trading Value |
|---|---|
| 27,564 (Shares) | 81,080,350 (MMK) |

## Main Board

As of 1:00 pm, 21st Aug, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,564 (Shares) | 81,080,350 (MMK) |

| MYANPIX | 391.72 ▲ 5.91 |
|---|---|
| Total Volume (shares) | 17,564 |
| Total Value (MMK) | 50 mil |
| Listed Company | 8 |
| Market Cap. (MMK) | 738,865 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 200 |
| MTSH | 00002 | 3,250 | ▲ 100 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 50 |
| EFR | 00006 | 2,350 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,950 | ▲ 0 |

TIR